# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၆၄၃/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ပုဒ်မ ၅၇ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) "ဥပဒေ" ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကို ဆိုသည်။

(ခ) **"ခရိုင်တရားရုံး"** ဆိုသည့် စကားရပ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ ပါဝင်သည်။

(ဂ) **"ခုံသမာဓိ နာယက"** ဆိုသည်မှာ အငြင်းပွားသူတစ်ဘက်စီမှ ရွေးချယ်ခန့်ထားသည့် ခုံသမာဓိနှစ်ဦးက သဘောတူရွေးချယ်ခန့်ထားသူ သို့မဟုတ် အငြင်းပွားသူတစ်ဦးဦး၏ တောင်းဆိုချက်အရ ပြည်ထောင်စုတရားသူကြီးချုပ်ကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဖြစ်စေ၊ ၎င်းကတာဝန်ပေးအပ်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ရွေးချယ်ခန့်ထားသူကို ဆိုသည်။

(ဃ) **"လွတ်လပ်၍ ဘက်လိုက်မှုမရှိသော ခုံသမာဓိ"** ဆိုသည်မှာ နှစ်ဘက်အငြင်းပွားသူများအနက် တစ်ဦးဦးနှင့် လူမှုရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ အခြားဆက်နွယ်ပတ်သက်မှုအရဖြစ်စေ အကျိုးသက်ဆိုင်မှုမရှိသော ခုံသမာဓိကို ဆိုသည်။

(င) **"အမျိုးသားအကျိုးစီးပွားနှင့်ဆန့်ကျင်ခြင်း"** ဆိုသည်မှာ နိုင်ငံတော်ပိုင် မြေထု၊ ရေထု၊ လေထုတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်း၊ နိုင်ငံသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ထိပါးခြင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်ခြင်း စသည့် အကျိုးသက်ရောက်မှုမျိုးကို ဆိုသည်။

## အခန်း (၂)
## ခုံသမာဓိခန့်ထားခြင်း

**နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်မှုခုံရုံးတွင် ခုံသမာဓိခန့်အပ်ခြင်း**

၃။ နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်မှုခုံရုံးတွင် တစ်ဦးတည်းသော ခုံသမာဓိကိုဖြစ်စေ၊ ခုံသမာဓိနာယကကိုဖြစ်စေ ရွေးချယ်ရာတွင် အနုညာတစီရင်ဆုံးဖြတ်မှုခံယူမည့် အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ပုဒ်မ ၁၃ (ဃ) အရ ခုံသမာဓိ ခန့်ထားပေးရန် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ အောက်ပါစာမှတ်စာတမ်းများကို တင်ပြလျှောက်ထားရမည်-

(က) အငြင်းပွားသူတစ်ဦးဦးက ခုံသမာဓိ ခန့်ထားပေးရန် လျှောက်လွှာ၊

(ခ) အငြင်းပွားသူတစ်ဦးက အငြင်းပွားပြဿနာကို အနုညာတနည်းဖြင့် ဖြေရှင်းရန် တစ်ဘက်အငြင်းပွားသူထံပေးသည့် အကြောင်းကြားစာ၊

(ဂ) အငြင်းပွားမှုပေါ်ပေါက်ပါက အနုညာတနည်းဖြင့် ဖြေရှင်းရန် နှစ်ဦးနှစ်ဘက် သဘောတူညီချက်ပြုလုပ်ခဲ့သည့် အထောက်အထားမိတ္တူမှန်။

၄။ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခုံသမာဓိခန့်ထားပေးရန် လျှောက်လွှာကို လက်ခံရရှိလျှင် အနုညာတနည်းဖြင့် ဖြေရှင်းမှုခံယူရန် သဘောတူညီချက်ပါ သတ်မှတ်အရည်အချင်းရှိသော ခုံသမာဓိကို ဦးစားပေး ရွေးချယ်ရမည်။

၅။ ခုံသမာဓိ ရွေးချယ်ရာတွင် နိုင်ငံအချင်းချင်း သို့မဟုတ် နှစ်နိုင်ငံကြား သဘောတူစာချုပ် ချုပ်ဆိုထားသောနိုင်ငံ၏ နိုင်ငံသားတစ်ဦးဦး၏ ဆန္ဒနှင့်အညီ နိုင်ငံတကာအနုညာတဗဟိုဌာနများမှ ခုံသမာဓိကိုဖြစ်စေ၊ အငြင်းပွားသူများ၏ သဘောတူညီချက်တွင် သတ်မှတ်ထားသည့်နိုင်ငံ၏ ခုံသမာဓိ ကိုဖြစ်စေ ရွေးချယ်နိုင်သည်။

၆။ အငြင်းပွားသူများသည် မတူညီသောနိုင်ငံများမှ နိုင်ငံသားများဖြစ်လျှင် အငြင်းပွားသူ များ၏ နိုင်ငံသားမှအပ အခြားနိုင်ငံ၏ နိုင်ငံသားကို ခုံသမာဓိအဖြစ် ခန့်အပ်နိုင်သည်။

၇။ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေး သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် နိုင်ငံတကာအနုညာတဖြေရှင်းရေးဗဟိုဌာန၏ အကြီးအမှူး (အထွေထွေအတွင်းရေးမှူး) ထံ လိပ်မူ၍ အငြင်းပွားမှုဖြစ်စဉ်ကိုဖော်ပြပြီး အနုညာတဆုံးဖြတ်မှုခံယူလို ကြောင်း အကြောင်းကြားရမည်။ အကြောင်းကြားစာမိတ္တူကို နှစ်ဘက်အငြင်းပွားသူများထံ ပေးပို့ရမည်။

၈။ အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ အငြင်းပွားသူများမှ အနုညာတစီရင်ဆုံးဖြတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းမှုကိုခံယူရန် သဘောတူညီ ကြောင်း အထောက်အထားစာမှတ်စာတမ်းများကို အကြောင်းကြားစာနှင့်အတူ သက်ဆိုင်ရာ နိုင်ငံတကာ အနုညာတဖြေရှင်းရေးဗဟိုဌာနသို့ ပေးပို့ရမည်။

၉။ နိုင်ငံတကာအနုညာတဖြေရှင်းရေးဗဟိုဌာနမှ အနုညာတခုံသမာဓိ အမည်စာရင်း ပေးပို့လာလျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါ အမည်စာရင်းပါပုဂ္ဂိုလ်အား ခုံသမာဓိအဖြစ် ခန့်အပ်ကြောင်း အမိန့်ထုတ်ဆင့်နိုင်သည်။

## ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်မှုခုံရုံးတွင် ခုံသမာဓိခန့်အပ်ခြင်း

၁၀။ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်မှုခုံရုံးတွင် တစ်ဦးတည်းသော ခုံသမာဓိကိုဖြစ်စေ၊ ခုံသမာဓိနာယကကိုဖြစ်စေ ရွေးချယ်ရာတွင် အနုညာတစီရင်ဆုံးဖြတ်မှုခံယူမည့် အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ပုဒ်မ ၁၃ (ဃ) အရ ခုံသမာဓိခန့်ထားပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ၎င်းကတာဝန်ပေးသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ အောက်ပါစာမှတ်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားရမည်-

(က) အငြင်းပွားသူတစ်ဦးဦးက ခုံသမာဓိ ခန့်ထားပေးရန် လျှောက်လွှာ၊

(ခ) အငြင်းပွားသူတစ်ဦးက အငြင်းပွားပြဿနာကို အနုညာတနည်းဖြင့် ဖြေရှင်းရန် တစ်ဘက်အငြင်းပွားသူထံပေးသည့် အကြောင်းကြားစာ၊

(ဂ) အငြင်းပွားမှုပေါ်ပေါက်ပါက အနုညာတနည်းဖြင့် ဖြေရှင်းရန် နှစ်ဦးနှစ်ဘက် သဘောတူညီချက်ပြုလုပ်ခဲ့သည့် အထောက်အထားမိတ္တူမှန်။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ၎င်းကတာဝန်ပေးသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခုံသမာဓိ ခန့်ထားပေးရန် လျှောက်လွှာကို လက်ခံရရှိလျှင် အနုညာတနည်းဖြင့် ဖြေရှင်းမှုခံယူရန် သဘောတူညီချက်ပါ သတ်မှတ်အရည်အချင်း ရှိသော ခုံသမာဓိကို ဦးစားပေးရွေးချယ်ရမည်။

၁၂။ အငြင်းပွားမှုအမျိုးအစားအပေါ်မူတည်၍ သတ်မှတ်အရည်အချင်းပြည့်စုံသော ခုံသမာဓိများ ရွေးချယ်ခန့်ထားနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသော အနုညာတဖြေရှင်းရေးအဖွဲ့များအပြင် အောက်ပါအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်-

(က) မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း၊

(ခ) မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း၊

(ဂ) မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၊

(ဃ) မြန်မာနိုင်ငံ ဂီတပညာရှင်များအသင်း၊

(င) မြန်မာနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်း၊

(စ) မြန်မာနိုင်ငံ သဘင်ပညာရှင်များအသင်း၊

(ဆ) မြန်မာနိုင်ငံ စာပေပညာရှင်များအသင်း၊

(ဇ) မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊

(ဈ) မြန်မာ့ရိုးရာ ပန်းပညာရှင်များအသင်း၊

(ည) မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊

(ဋ) မြန်မာနိုင်ငံ ဆေးဘက်ပညာသည်များအသင်း၊

(ဌ) တရားလွှတ်တော်ရှေ့နေများကောင်စီ။

## အခန်း (၃)
## ခုံသမာဓိများ၏ အရည်အချင်းများ

၁၃။ ခုံသမာဓိများတွင် ယေဘုယျအားဖြင့် အောက်ပါအရည်အချင်းများရှိရမည်-

(က) ကိုယ်ကျင့်သိက္ခာ မြင့်မားခြင်း၊

(ခ) နှစ်ဘက်အငြင်းပွားသူများပေးသောသတင်းအချက်အလက်များကို ပေါက်ကြားမှု မရှိစေရန် စောင့်စည်းထိန်းသိမ်းခြင်း၊

(ဂ) သီးခြားပညာရပ်ဆိုင်ရာ အငြင်းပွားမှုများတွင် သက်ဆိုင်ရာပညာရပ်၌ နှံ့စပ်ကျွမ်းကျင်သူအဖြစ် အသိအမှတ်ပြုခံရခြင်း၊

(ဃ) လွတ်လပ်၍ ဘက်လိုက်မှုမရှိဘဲ စီရင်ဆုံးဖြတ်နိုင်ခြင်း၊

(င) ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရာတွင် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်ရပ်တွင် နှံ့စပ်ကျွမ်းကျင်သူအဖြစ် အသိအမှတ်ပြုခံရခြင်း-

(၁) ဥပဒေရေးရာကဏ္ဍ၊

(၂) ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊

(၃) စက်မှုလက်မှုကဏ္ဍ၊

(၄) ငွေရေးကြေးရေးကဏ္ဍ။

## အခန်း (၄)
## တရားရုံးစီရင်ပိုင်ခွင့် အပ်နှင်းခြင်း

၁၄။ အငြင်းပွားမှုတွင် ပေါ်ပေါက်သည့် အကြောင်းအရာပေါ် မူတည်၍ သက်ဆိုင်ရာဒေသ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများက ဥပဒေပြဿနာကို ဆုံးဖြတ်ခြင်း၊ ကြားဖြတ်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ အယူခံမှုစီရင်ခြင်း၊ အနုညာတခုံရုံး၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်းကိစ္စများကို လက်ခံဆောင်ရွက်ရမည်။

၁၅။ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရေးအတွက် လွှဲအပ်ပေးရန် လျှောက်ထားသူသည် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုထားသည့် တရားရုံးတွင် လျှောက်ထားရမည်။

၁၆။ တရားရုံးသည် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ စစ်ဆေးဆဲ တရားရုံးအမှုတွဲ၌ပင် အနုညာတ စီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်သည့်အမိန့် သို့မဟုတ် လွှဲအပ်ရန်ငြင်းပယ်သည့်အမိန့်ကို ချမှတ်နိုင် သည်။

၁၇။ အနုညာတစီရင်ဆုံးဖြတ်မှုခံယူစေရေးအတွက် လွှဲအပ်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်သည့်အမိန့်ကို ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁) အရ တစ်ဆင့်မြင့်တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

၁၈။ ဥပဒေပုဒ်မ ၁၁ အရ လျှောက်ထားချက်များကို သက်ဆိုင်ရာဒေသ စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးများသို့ လျှောက်ထားရမည်။

၁၉။ ခရိုင်တရားရုံးသည် ပုဒ်မ ၁၁ အရ လျှောက်လွှာတင်သွင်းလာပါက တရားမအထွေထွေမှု ဖွင့်လှစ်၍ တရားမကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ တရားရုံးက ခွင့်ပြုသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) အရ အယူခံဝင်ရောက်လိုပါက သက်ဆိုင်ရာဒေသ စီရင်ပိုင်ခွင့်ရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ အယူခံဝင်ရောက်နိုင်သည်။

၂၁။ ခန့်ထားသည့် ခုံသမာဓိ အရည်အချင်းနှင့်စပ်လျဉ်း၍ အငြင်းပွားသူများအကြား ကန့်ကွက်ချက်ပေါ်ပေါက်၍ ယင်းကန့်ကွက်ချက်အပေါ် အနုညာတခုံရုံးက ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ လျှောက်ထားရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် တရားမအထွေထွေမှု ဖွင့်လှစ်၍ တရားမကျင့်ထုံးဥပဒေပါ နည်းလမ်းများနှင့်အညီ အဆုံးအဖြတ်ပေးရမည်။

၂၃။ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ) အရ လျှောက်ထားမှုတွင် အနုညာတခုံရုံး၏ ကန့်ကွက်ချက်ကို ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို တရားရုံးက ပယ်ဖျက်လျှင် ကန့်ကွက်ခံရသော ခုံသမာဓိ၏ အခကြေးငွေ တစ်စုံတစ်ရာရထိုက်ခွင့်ရှိ-မရှိကို တစ်ပါတည်း ဆုံးဖြတ်နိုင်သည်။

၂၄။ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကို ရပ်စဲပေးရန် အငြင်းပွားသူတစ်ဦးဦးက သက်ဆိုင်ရာဒေသ စီရင်ပိုင်ခွင့်ရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် တရားမအထွေထွေမှုဖွင့်လှစ်၍ တရားမကျင့်ထုံးဥပဒေပါ နည်းလမ်းများနှင့်အညီ စစ်ဆေးဆုံးဖြတ်ရမည်။

၂၆။ အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့်ရှိကြောင်းနှင့် အနုညာတခုံရုံးက ၎င်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်ကြောင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ လျှောက်ထားချက်များအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသော အငြင်းပွားသူသည် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာဒေသစီရင်ပိုင်ခွင့်အာဏာ ရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တွင် အယူခံဝင်ရောက်ခွင့်ရှိသည်။

၂၇။ အနုညာတခုံရုံးက ဥပဒေပုဒ်မ ၁၉ အရ ချမှတ်သော ကြားဖြတ်ဆုံးဖြတ်ချက်ကို တရားရုံးက အတည်ပြုပေးရန် ဥပဒေပုဒ်မ ၃၁ အရ ဒေသစီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးတွင် လျှောက်ထားနိုင်သည်။

၂၈။ ခရိုင်တရားရုံးသည် လျှောက်ထားချက်ကို လက်ခံရရှိလျှင် တရားမအထွေထွေမှု ဖွင့်လှစ်၍ တရားမကျင့်ထုံးဥပဒေပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ ခရိုင်တရားရုံးသည် အနုညာတခုံရုံး၏ ကြားဖြတ်ဆုံးဖြတ်ချက်အား နည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုဆောင်ရွက်ရန် ခွင့်ပြုသည့်အမိန့် သို့မဟုတ် အတည်ပြုဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်တစ်ရပ်ရပ်ကို ချမှတ်ရမည်။

၃၀။ ကြားဖြတ်ဆုံးဖြတ်ချက်အား နည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုဆောင်ရွက်ရန် ခွင့်ပြုသည့်အမိန့် သို့မဟုတ် အတည်ပြုဆောင်ရွက်ရန် ငြင်းပယ်သော ခရိုင်တရားရုံး၏အမိန့်ကို ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၃) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ အယူခံဝင်ရောက်နိုင်သည်။

၃၁။ ပြည်တွင်း အနုညာတဆုံးဖြတ်ခြင်းတွင် တစ်ဘက်အငြင်းပွားသူများထံ အကြောင်းကြားစာ ပေးပို့ပြီးနောက်ပိုင်း ပေါ်ပေါက်လာသည့် ဥပဒေပြဿနာကို အငြင်းပွားသူများက ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ သက်ဆိုင်ရာဒေသစီရင်ပိုင်ခွင့်အာဏာရ ခရိုင်တရားရုံးတွင် ဥပဒေပြဿနာအား အဆုံးအဖြတ်ပေးရန် လျှောက်ထားရမည်။

၃၂။ ခရိုင်တရားရုံးသည် ဥပဒေပြဿနာအပေါ် ပဏာမဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

၃၃။ ဥပဒေပြဿနာကို ခရိုင်တရားရုံးက ဆုံးဖြတ်သည့်အမိန့်ကို မကျေနပ်သူသည် ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

၃၄။ ပြည်တွင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် တစ်ဘက်အငြင်းပွားသူများထံ အကြောင်းကြားပြီး ခုံရုံးကစစ်ဆေးသည့် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာသော ဥပဒေပြဿနာအပေါ် သက်ဆိုင်ရာဒေသစီရင်ပိုင်ခွင့်ရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ အယူခံလျှောက်ထားနိုင်သည်။

၃၅။ အနုညာတခုံရုံး၏ စီရင်ဆုံးဖြတ်ချက်အပေါ် အငြင်းပွားသူတစ်ဦးဦးက ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာဒေသစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ အယူခံလျှောက်ထားနိုင်သည်။ သို့ရာတွင် အငြင်းပွားသူများအကြား အယူခံဝင်ရောက်ခြင်းမပြုရန် စာဖြင့်ရေးသားထားသော သဘောတူညီချက်ရှိလျှင် အယူခံဝင်ရောက်ခွင့်မရှိ။

၃၆။ အယူခံဝင်ခွင့် လျှောက်ထားရာတွင် အယူခံလွှာတွင် ဆုံးဖြတ်ပေးစေလိုသည့် အငြင်းပွားပြဿနာနှင့် အယူခံဝင်ခွင့်ပြုရန် အကြောင်းပြချက်များကို ဖော်ပြရမည်။

၃၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်က အယူခံဝင်ခွင့်ကို ငြင်းပယ်သည်ဖြစ်စေ၊ ခွင့်ပြုသည်ဖြစ်စေ ဒုတိယအယူခံဝင်ခွင့်မရှိ။

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ တင်သွင်းသော အယူခံမှုတွင်-

(က) အငြင်းပွားပြဿနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်သည် အငြင်းပွားသူတစ်ဦး သို့မဟုတ် အငြင်းပွားသူများ၏ အခွင့်အရေးကို အဓိက ထိခိုက်နစ်နာမှုရှိကြောင်း၊

(ခ) အငြင်းပွားပြဿနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်မှာ ထင်ရှားသိသာစွာမှားယွင်းနေကြောင်း တရားရုံးကတွေ့ရှိပါက အယူခံမှုကို ခွင့်ပြုရမည်။

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(ခ) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊

(ဂ) အနုညာတဆုံးဖြတ်ချက် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင့်လျော်သည့်အချိန်ကာလ သတ်မှတ်၍ အနုညာတခုံရုံးက ပြန်လည်စိစစ်စေခြင်း၊

(ဃ) အနုညာတဆုံးဖြတ်ချက် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပယ်ဖျက်ခြင်း။

၄၀။ ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ အနုညာတဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်သည့်အမှုတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်က ချမှတ်သောအမိန့်သည် အနုညာတဆုံးဖြတ်ချက်အပေါ် အောက်ပါအတိုင်း အကျိုးသက်ရောက်စေရမည်-

(က) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်၍ ဆုံးဖြတ်ပါက အဆိုပါ ပြင်ဆင်ဆုံးဖြတ်ချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းအဖြစ် အကျိုးသက်ရောက်စေရမည်။

(ခ) အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုဖြစ်စေ၊ ဆုံးဖြတ်ချက် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်စိစစ်သုံးသပ်ရန်အတွက် တရားရုံးက လွှဲအပ်သောအမိန့်ချမှတ်လျှင် အနုညာတခုံရုံးသည် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို ပြန်လည်စိစစ်သုံးသပ်၍ ဆုံးဖြတ်ရမည်။

၄၁။ အောက်ပါအမိန့်များအပေါ် အယူခံဝင်ခွင့်မရှိ-

(က) ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရေးအတွက် လွှဲအပ်ပေးပို့ရန် လျှောက်ထားချက်အား ခွင့်ပြုသည့်အမိန့်၊

(ခ) ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) နှင့် (ဆ) အရ ချမှတ်သည့် တရားသူကြီးချုပ်၏ ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ခွင့်မရှိ၊

(ဂ) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကို ရပ်စဲရန်ကိစ္စနှင့် စပ်လျဉ်း၍ တရားရုံးကချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်မရှိ။

**အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်း**

၄၂။ ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် ဒေသစီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံးတွင် လျှောက်ထားရမည်။

၄၃။ ခရိုင်တရားရုံးသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်နိုင်ရန် ဇာရီမှုဖွင့်လှစ်၍ တရားမကျင့်ထုံးဥပဒေအရ ဒီကရီကိုအတည်ပြုသည့် နည်းလမ်းနှင့်အညီ အတည်ပြုဆောင်ရွက်ရမည်။

၄၄။ ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားမှုတွင် အငြင်းပွားသူတစ်ဦးက ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားလျှင် တရားရုံးသည် ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည်။

၄၅။ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ပေးရန် ဒေသစီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံးတွင် လျှောက်ထားရမည်။

၄၆။ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုခြင်းမှတစ်ပါး နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ဒီကရီကို အတည်ပြုသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားမှုတွင် အငြင်းပွားသူတစ်ဦးက နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားလျှင် တရားရုံးသည် ဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဂ) ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည်။

၄၈။ ဥပဒေပုဒ်မ ၄၇ သည် မြန်မာနိုင်ငံ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ အဆုံးအဖြတ်ခံယူရန် သဘောတူညီထားသော နိုင်ငံခြားအနုညာတစီရင်ဆုံးဖြတ်မှုများနှင့်သာ သက်ဆိုင်သည်။

## အခန်း (၅)
## အထွေထွေ

၄၉။ ၁၉၄၄ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေကို ရည်ညွှန်းထားသော ကာလစည်းကမ်းသတ်အက်ဥပဒေပါ အပိုဒ်များကို ဆက်လက်ကျင့်သုံးရမည်။

၅၀။ The Arbitration Act, 1944 နှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ဤလုပ်ထုံးလုပ်နည်းဖြင့် ရုပ်သိမ်းလိုက်သည်။

( ထွန်းထွန်းဦး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၂၁ / ၁၀၁ / ပတခ (၁၇၈၁/၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အားလုံး
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံးအားလုံး
တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးရုံးအားလုံး
ခရိုင်တရားရုံးအားလုံး

မိတ္တူကို

ရုံးလက်ခံ
မျှော